ရွှေကျင်ကွက်သစ်ကျေးရွာ

အောင်ချမ်းသာ ကျေးရွာအုပ်စု၊ ပုသိမ်ကြီးမြို့နယ်

မန္တလေးတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရွှေကျင်ကွက်သစ် ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုသိမ်ကြီးမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

အောက်တိုဘာလ၊ ၂၀၁၈

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

(ဃ) **ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

(င) **ပညာရေး**

(စ) **ကျန်းမာရေး**

(ဆ) **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

၁။ တည်နေရာနှင့် ပထဝီအနေအထား

ရွှေကျင်ကွက်သစ်ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်ချမ်းသာ ကျေးရွာအုပ်စု၊ပုသိမ်ကြီးမြို့၏အနောက်မြောက်ဘက်၊မန္တလေး-မတ္တရာ ဆက်သွယ် ဖောက်လုပ်ထား သောကားလမ်းမကြီးအနီးတွင် တည်ရှိသည် ။ ရွှေကျင်ကွက်သစ်ကျေးရွာသည်မြောက်လတ္တီကျူ (၂၂ ° ၂ ′) နှင့် အရှေ့ လောင်ဂျီကျူ (၉၆ ° ၆ ′) ကြားတွင်တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် (၂၄၅)ပေတွင် တည်ရှိပါသည်။ ရွှေကျင်ကွက်သစ်ကျေးရွာ၏ မြေမျက်နှာသွင်ပြင်မှာ ညီညာပြန့်ပြူး သော မြေပြန့် အနေအထား ဖြစ်ပါသည် ။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ရွှေကျင်ကွက်သစ်ကျေးရွာသည် နှစ်စဉ်ဒီဇင်ဘာလအထိ ပျမ်းမျ မိုးရွာရက်(၆၂)ရက်ရှိပြီး ပျမ်းမျ မိုးရေ ချိန် (၅၈)လက်မရှိပါသည်။ နှစ်စဉ်အနိမ့်ဆုံးအပူချိန် ၂၅°C မှ အမြင့်ဆုံးအပူချိန် ၃၈°C အထိ ရှိပါသည် ။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်း ကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက် ကြပါသည်။ **ကျေးရွာတွင် အုပ်ချုပ်ရေး အဖွဲ့၊ လမ်းကော်မတီအဖွဲ့၊ မီးကော်မတီအဖွဲ့၊ မွန်မြတ်သူတို့နှလုံးသားဘုံဆွမ်းလောင်းအသင်း ၊ အရံ မီးသတ်တပ်ဖွဲ့ ၊ ဗုဒ္ဓဝေယျာဝစ္စ၊သမဝါယမ၊ သန္တိသုခဘုံဆွမ်းလောင်းအသင်း၊ အမှိုက်သိမ်းအဖွဲ့နှင့် အေးငြိမ်းနိဗ္ဗာန် လူမှု ကူညီရေးအသင်း အဖွဲ့ဟူ၍ အဖွဲ့(၁၀)ဖွဲ့ ရှိပေသည်။** ကျေးရွာတွင် သာရေး၊ နာရေး၊ လူမှုရေး ကိစ္စကြီးငယ်ပေါ်ပေါက်လျင် ရွာသားများစည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့် ကောင်းများရှိပါသည်။ ခြံငုံ၍ သုံးသပ်ရလျှင် သာရေးနာရေးကိစ္စများနှင့် ကျေးရွာဖွံ့ဖြိုးရေး ကိစ္စများ ဆောင်ရွက်ရန် မိရိုးဖလာ ဖွဲ့စည်း ထားသော အဖွဲ့အစည်းများကအားကောင်းကြပြီး ကျေးရွာ ဖွံ့ဖြိုး ရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက် နိုင်မည့် အဖွဲ့အစည်းစနစ်မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာတွင် စိုက်ပျိုးမြေများ မရှိသဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖြစ်သော ပန်းတိမ်၊ ပရိဘောဂ ၊လက်သမား၊ ပန်းရံ၊ ကျပန်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာ၏ အဓိက ဝင်ငွေရလုပ်ငန်းမှာ ရွှေပန်းတိမ်လုပ်ငန်းဖြစ်သည် ။ **ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု၏ အဓိကစီးပွားရေးလုပ်ငန်းမှာ ပန်းတိမ်လုပ်ငန်း ဖြစ်ပါသည်။ အလယ် အလတ်ရှိသောအိမ်ထောင်စုများမှာ ပရိဘောဂလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ မပြေလည်သော**

အိမ်ထောင်စုရှိပြီး ပန်းရံ၊လက်သမားလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုတို့၏ ကျပန်းလုပ်ကိုင်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည် ။ လူငယ်များသည် ကျေးရွာပြင်ပသို့ ထွက်၍ဝင်ငွေရှာကြရပါသည်။

အခြားသား ငါးထုတ်လုပ်ရေးကဏ္ဍအနေဖြင့် ကျေးရွာမှ အိမ်ထောင်စုများသည် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ကိုင်မှု လုံးဝမရှိသည်ကို တွေ့ရှိရပါသည်။

မွေးမြူရေးကဏ္ဍအနေဖြင့် **ကျေးရွာတွင် နွားမွေးမြူသောအိမ်ထောင်စု ၆ စုတွင် နွားအကောင်ရေ ၂၈ကောင် မွေးမြူထားကြောင်း၊နို့စားနွား မွေးမြူထားသောအိမ်ထောင်စု ၁စု တွင် အကောင်ရေ ၄ ကောင်၊ ဝက်မွေးမြူသောအိမ်ထောင်စု ၇ စုတွင် အကောင်ရေ ၃၀ ၊ ကြက်မွေးမြူသောအိမ်ထောင်စု ၆ စုတွင် အကောင်ရေ ၅၂ကောင်၊ ဘဲမွေးမြူသော အိမ်ထောင်စု ၁ စုတွင် ဘဲအကောင်ရေ ၁၀ကောင် မွေးမြူထားကြောင်း လေ့လာတွေ့ရှိရပါသည်။**

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင်အိမ်ထောင်စု ၉၁%ခန့်သည် ကိုယ်ပိုင်ရေတွင်းများသုံးစွဲနိုင်ကြသည်။ ကျေးရွာတွင် ကျေးရွာသားများအားလုံးသည် သန့်ရှင်းသောသောက်သုံးရေသုံးစွဲနိုင်ရန် ကိုယ်ပိုင် ရေတွင်းများမှရေ နှင့်သောက်ရေသန့်ဘူးကို အသုံးပြုကြပါသည်။ သောက်ရေသန့်ဘူးဝယ်ယူသုံးစွဲခြင်းအတွက် တစ်လ လျှင် (၇၀၀၀)ကျပ်ခန့် ငွေကြေးကုန်ကျမှုရှိပါသည် ။

ကျေးရွာရှိ ကျောင်းသား/သူများသည် မူလတန်းအဆင့်အား ခရီးမိုင် ၀ မိုင်မှ ၁ မိုင် အထိ ကွာဝေးသော နန္နာကျေးရွာသို့ သွားရောက် ပညာသင်ကြားရကြောင်း၊ အလယ် တန်းအဆင့်အား ခရီးမိုင်၁ မိုင်မှ ၃ မိုင်အထိကွာဝေးသော အောင်ချမ်းသာကျေးရွာသို့ သွားရောက် ပညာသင်ကြား ရကြောင်း၊ အထက်တန်းအဆင့်အား ခရီးမိုင် ၁ မိုင်မှ ၃ မိုင်အထိ ကွာဝေး သော မန္တလေးမြို့သို့ သွားရောက်ပညာသင်ကြားရကြောင်း သိရှိရပါသည်။ သယ်ယူပို့ဆောင်ရေး ယာဉ်များ အနေဖြင့် စက်ဘီး၊ ဆိုင်ကယ်နှင့်ကားများ အသုံးပြုလျက်ရှိကြောင်း လေ့လာသိရှိရပါသည် ။ကျန်းမာရေး စောင့်ရှောက်မှု အတွက် ကျေးရွာ ဆေးပေးခန်းတွင် သွားရောက်ကုသနိုင်ပါသည်။

ယခုအခါ ကျေးရွာအိမ်ထောင်စုများ လျှပ်စစ်မီးရရှိနေသည့်အတွက် အိမ်ရှင်မအနေဖြင့်လည်း ယခင်လို ထင်းနှင့် မီးသွေးအသုံးပြုစရာမလိုဘဲ ထမင်း၊ ဟင်းချက်ပြုတ်ခြင်း၊ အဝတ်လျှော်၊ မီးပူတိုက် ခြင်းများ လွယ်ကူစွာ ပြုလုပ်နိုင်ပြီဖြစ်ပါသည်။ **လျှပ်စစ်ဓါတ်အားသုံး စက်မှု၊လက်မှုလုပ်ငန်းများ အဆင် ပြေစွာ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။**

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးရေးဝန်ဆောင်မှုအနေဖြင့် ရွာသူ၊ရွာသားများအတွက် လိုအပ်သော ချေးငွေကို သမဝါယမမှငွေထုတ်ချေးပါသည်။စီးပွားရေးလုပ်ငန်းများထူထောင်ရန် (ဥပမာ - တစ်နိုင်တစ်ပိုင် မွေးမြူရေး၊ အရောင်းအဝယ်) ချေးငွေဝန်ဆောင်မှုများ လိုအပ်ပါသည်။

(c) ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရသူများ လည်းရှိပါသည်။ **ကျေးရွာရှိ ကျောင်းသား/သူများသည် မူလတန်းအဆင့်အား ခရီးမိုင် ၀ မိုင်မှ ၁ မိုင် အထိ ကွာဝေးသော နန္ဒာကျေးရွာသို့ သွားရောက် ပညာသင်ကြားရကြောင်း၊ အလယ်တန်းအဆင့်အား ခရီးမိုင်၁ မိုင်မှ ၃ မိုင်အထိကွာဝေးသော အောင်ချမ်းသာကျေးရွာသို့ သွားရောက် ပညာသင်ကြား ရကြောင်း၊ အထက်တန်းအဆင့်အား ခရီးမိုင် ၁ မိုင်မှ ၃ မိုင်အထိ ကွာဝေး သော မန္တလေးမြို့သို့ သွားရောက်ပညာသင်ကြားရကြောင်း သိရှိရပါသည်။** အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာနိမ့်ကျဆဲဖြစ်ပြီး ၄င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များ မရှိပါ ။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှု မရှိသလောက်နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေးဖြစ်ပွားတတ်ပြီး လူငယ်၊လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ အလုပ်အကိုင်အထိုက်အလျောက်အဆင်ပြေခြင်း၊ မိသားစုများဝမ်းစာအတွက် နေ့စဉ်ဝင်ငွေ အသင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ ကလေးသူငယ်များ အပါအဝင် ယေဘုယျအားဖြင့် အာဟာရ ဓာတ်ချို့တဲ့မှုမရှိကြပါ။ အမျိုးသမီးများအတွက် ကျန်းမာရေး စောင့်ရှောက် မှုကို ကျေးရွာရှိ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမှရရှိကြသည်။ ကျန်းမာရေးစောင့်ရှောက်ခြင်း ဝန်ဆောင်မှုများ ရရှိကြပါသည်။ **ကာကွယ်ဆေးထိုးနှံမှုမှာ အဆုတ်ရောဂါ အတွက်သာ မရှိသော်လည်း ကျန်ကာကွယ် ဆေးထိုးနှံမှုအတွက်** ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ၊ ပိုလီယို ရောဂါ ၊မေးခိုင် (ကိုယ်ဝန်ဆောင်ကာလအတွင်း)၊ ဝက်သက်ရောဂါ၊ အခြား စုပေါင်း **ကာကွယ် ဆေးထိုးနှံမှု** ၊ အာဟာရမှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)၊ အာဟာရ ပညာပေး အစီအစဉ်များဖြင့် **ကာကွယ်ဆေးထိုးနှံမှု**ရှိကြောင်း လေ့လာတွေ့ရှိရပါသည် ။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် သောက်သုံးရေသန့်ရှင်းမှု ရှိသောကြောင့် ဝမ်းပျက် ဝမ်းလျှောရောဂါဖြစ်ပွားမှုနှုန်း မရှိပါ။ **ကျေးရွာတွင် ရောဂါဖြစ်ပွားမှုနှုန်းမှာ နိမ့်ပေသည်။ သွေးလွန် တုပ်ကွေးရောဂါ၊ ဆီးချိုရောဂါ ၊ သွေးတိုးရောဂါနိမ့်ကြောင်း လေ့လာတွေ့ရှိရပါသည် ။**

(ဇ) ကျား – မ ရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ ဘာသာရေးအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှု ပွဲတော်များတွင် အမျိုးသမီးများသည် အမျိုးသားနှင့် အတူပူးပေါင်းဆောင်ရွက်ကြသည်။ လုပ်ငန်းခွင်တွင်အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိကြသည်။ ဒေသတွင်း အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှု ကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍနည်းပါး နေသေးကြောင်း တွေ့ရသည် ။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျား-မတန်း တူ အခွင့်အရေး ရှိပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	ကျေးရွာတွင်းလမ်းများကွန်ကရစ်ခင်းခြင်း	၁
၂	အခြေခံအဆောက်အဦ	မီးသတ်ကားဝယ်ယူခြင်းနှင့် ကားထားရန်အဆောက်အဦ ဆောက်လုပ်ခြင်း	၂
၃	အခြေခံအဆောက်အဦ	ကျေးလက်ကျန်းမာရေးဆေးပေးခန်း အဆင့်မြှင့်တင်ခြင်း	၃
၄	အခြေခံအဆောက်အဦ	ရေဆိုးမြောင်းပြုပြင်ဖောက်လုပ်ခြင်း	၄
၅	အခြေခံအဆောက်အဦ	ရွာလယ်ခမ္မာရုံအဆင့်မြှင့်တင်ခြင်း	၅
၆	အခြေခံအဆောက်အဦ	ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ခြင်း	၆

နောက်ဆက်တွဲ (၁)

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေး အတွက် ထောက်အကူဖြစ်စေမည့်ပိုင်ဆိုင်နေသည့်အရင်းအနှီးများ/အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
ကဏ္ဍ - အခြေခံအဆောက်အဦ					
ရွာတွင်းလမ်းမ ကောင်းခြင်း။	လမ်းတွင်ချိုင့်ခွက်များရှိနေခြင်း၊ မိုးရာသီတွင် ရေဝပ်ခြင်း၊ လမ်းဘေးအိမ်များ ရေဝင်ခြင်း။	နဂိုလမ်းမှာ ကျောက်အမာခံရှိခြင်း၊ ကျေးရွာသူ/သားများမှ လုပ်အားပေးလိုစိတ်ရှိခြင်း။	လမ်းပြုပြင်ရန် ငွေကြေးမပြည့်စုံခြင်း။	နိုင်ငံတော်မှ ရွာတွင်းလမ်းအတွက် ငွေကြေးထောက်ပံ့ခြင်း။	ကျေးရွာတွင်းလမ်းများ ကွန်ကရစ်လမ်းခင်းခြင်း။
ကျေးရွာအတွင်း ရေစီး ရေလာမကောင်းခြင်း ။	ရေမြောင်းများပိတ်နေခြင်း၊မိုးရာသီတွင်အိမ်များအတွင်းရေဝင်ခြင်း။	ကျေးရွာသူ/သားများမှ လုပ်အားပေးလိုစိတ်ရှိခြင်း။	မြေနေရာအခက်အခဲရှိခြင်း၊ ကျေးရွာမှငွေကြေးမတတ်နိုင်ခြင်း။	ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။	ရေဆိုးမြောင်းပြုပြင်ဖောက်လုပ်ခြင်း။
ဘာသာရေးဆိုင်ရာ အခြေခံအဆောက်အဦများပြုပြင်ရန်	ရွာလယ်ခမ်းရုံမှာ အရွယ်အစားသေးငယ်၍ ရပ်ရွာ	မြေနေရာရရှိနိုင်ခြင်း၊ ရပ်ရွာမှ လုပ်အားပါဝင်လှူဒါန်းနိုင်ခြင်း။	ကျေးရွာမှငွေကြေးမတတ်နိုင်ခြင်း။	ဌာနဆိုင်ရာများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့်	ရွာလယ်ခမ်းရုံအဆင့်မြှင့်တင်ခြင်း။

လိုအပ်ခြင်း ။	အစည်းအဝေးများ ဆောင်ရွက်ရာတွင် အခက်အခဲရှိခြင်း။			ချိတ်ဆက် ဆောင်ရွက်ခြင်း။	
ကဏ္ဍ - သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်					
မီးဘေးအန္တရယ် ဖြစ်ပွားနိုင်ခြင်း ။	ပူပြင်းခြောက်သွေ့ ချိန်တွင်မီးဘေး အန္တရယ်ကျရောက် နိုင်ခြင်း။	မြေနေရာရရှိနိုင်ခြင်း။	မီးသတ်ကား ဝယ်ယူရန် ငွေကြေးလုံလောက်မှု မရှိခြင်း။	ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း။	မီးသတ်ကားဝယ်ယူ ခြင်းနှင့်ကားထား ရန်အဆောက်အဦ ဆောက်လုပ်ခြင်း။
ကဏ္ဍ - ကျန်းမာရေး					
ကျေးလက်ဆေးပေး ခန်းနေရာကျဉ်း မြောင်းခြင်း ။	ကျေးလက်ဆေး ပေးခန်းခိုင်ခန့်မှု အားနည်းခြင်း ။	ကျေးလက်ဆေးပေးခန်း အဆင့်မြှင့်တင်ရန် မြေနေရာရှိခြင်း။	ကျေးလက်ဆေးပေး ခန်းအဆင့်မြှင့်တင်ရန် ငွေကြေးမတတ် နိုင်ခြင်း ။	သက်ဆိုင်ရာဌာနများ၊ ဖွံ့ဖြိုးရေးအဖွဲ့များ နှင့် ချိတ်ဆက် ဆောင်ရွက် ခြင်း။	ကျေးလက်ကျန်းမာ ရေးဆေးပေးခန်း အဆင့်မြှင့်တင်ခြင်း။
ကဏ္ဍ - လူငယ်နှင့်အားကစား					
လူငယ်များစာဖတ်မှု အားနည်းခြင်း။	စာကြည့်တိုက်သီး ခြားမရှိခြင်း။	ကျေးရွာရှိလူငယ် များအနေဖြင့် စာဖတ်ခြင်းတွင် စိတ်ဝင်စားမှုရှိခြင်း။	စာကြည့် တိုက်ဆောက်လုပ် ခြင်းအတွက်ငွေကြေး မတတ် နိုင်ခြင်း။	သက်ဆိုင်ရာဌာနများ၊ ဖွံ့ဖြိုးရေးအဖွဲ့များ နှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း။	ကျေးရွာစာကြည့် တိုက်ဆောက် လုပ်ခြင်း။

ကျေးရွာတွင် အဓိကလိုအပ်ချက်အဖြစ် အခြေခံအဆောက်အဦများတိုးတက်ရန် လိုအပ်လျက်ရှိပါသည်။ ကျေးရွာတွင်းလမ်းများကောင်းမွန်လာခြင်းဖြင့် ကျေးရွာမှအသက်မွေးလမ်းကြောင်းလုပ်ငန်းများ၊ပညာရေး၊ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်စွာ သွားလာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ရေဆိုးမြောင်းပြုပြင်ဖောက်လုပ်ခြင်းဖြင့် ရွာတွင်းမိုးရာသီ အဆင်ပြေစွာသွားလာနိုင်ပြီး ရေဝင်ရောက်မှု ရှိမည်မဟုတ်ပေ။ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းအားဖြင့် ရေဝပ်ခြင်း၊ခြင်ပေါက်ပွားခြင်းနှင့် အန္တရာယ်အသက်ဆိုးများ ထွက်ရှိခြင်းမှ ကာကွယ်နိုင်ပြီး ခြင်နှင့် ပတ်သက်သည့် ရောဂါများ ဖြစ်ပွားခြင်းမှလည်း ကာကွယ်နိုင်မည် ဖြစ်ပါသည်။ ရွာလယ်ခမ္မာရုံအဆင့်မြှင့်တင်ခြင်းဖြင့် ယခင်ထက်ပိုမို အဆင်ပြေစွာ ဘာသာရေးပွဲများဆောင်ရွက်နိုင်မည်ဖြစ်သည် ။ မီးသတ်ကားဝယ်ယူခြင်းဖြင့် မီးဘေးအန္တရယ်ဖြစ်ပွားလျှင် လွယ်ကူစွာ မီးငြိမ်းသတ်နိုင်မည်ဖြစ်ပါသည်။ ကျေးလက်ဆေးပေးခန်း အဆင့်မြှင့်တင်ခြင်းဖြင့် ကျန်းမာရေးမကောင်းသော လူနာများအတွက် နေရာလုံလောက်စွာရှိလာခြင်း ၊အရေးပေါ်အခြေအနေအဖြစ် ဆေးပေးခန်းရောက်လျှင် လွယ်ကူလျှင်မြန်စွာ ပိုမိုဆောင်ရွက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ခံစားရပေမည်။ ကျေးရွာစာကြည့်တိုက်ရှိခြင်းဖြင့် ကျေးရွာရှိလူငယ်များ ဉာဏ်ပညာဗဟုသုတများ ကြွယ်ဝလာနိုင်ခြင်း၊ တစ်နေရာတည်းတွင် အလွယ်တကူ လေ့လာရှာဖွေနိုင်ခြင်းနှင့်အချိန်ကုန်သက်သာနိုင်ခြင်းစသည့်အကျိုးကျေးဇူးများရရှိနိုင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၈	၈	၂၆
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၃၂	၃၇	၆၉
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၆၆	၅၈	၁၂၄
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၆၅	၆၄	၁၂၉
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၆၁၂	၆၅၆	၁၂၆၈
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၉	၂၂	၃၁
စုစုပေါင်း		**၈၀၂**	**၈၄၅**	**၁၆၄၇**
စုစုပေါင်း အိမ်ထောင်စု		**၃၄၄**		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ရွှေကျင်ကွက်သစ်ကျေးရွာတွင်အိမ်ထောင်စုပေါင်း (၃၄၄)စု၊ လူဦးရေ ပေါင်း(၁၆၄၇) ဦးရှိပါသည်။ အလုပ်လုပ်နိုင်သော အရွယ်လူဦးရေမှာ (၁၂၆၈)ဦး ရှိပါသည်။ မူလတန်းနှင့်အလယ်တန်းကျောင်းနေအရွယ်များကို သိရသောကြောင့် ကျောင်းနေအရွယ် ကလေး တိုင်းကျောင်းနေခြင်းရှိ/မရှိကိုလည်း သိနိုင်ပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့်ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ				
ယာမြေ				
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်း စိုက်ခင်း				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
ပလပ်မြေ				
သစ်တောမြေ				
စုစုပေါင်း				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား -ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာတွင် စိုက်ပျိုးမြေများ မရှိသဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖြစ်သော ပန်းတိမ်၊ ပရိဘောဂ ၊လက်သမား၊ ပန်းရံ၊ ကျပန်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ခါတ်ငွေ့/ရေနံ)	-	-
ခါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	မရှိ	လက်လှမ်းမမှီ
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	-	-
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	မရှိ	လက်လှမ်းမမှီ
ပျမ်းမျှအပူချိန် – ၃၀°C	ပျမ်းမျှ မိုးရေချိန် – ၅၈ လက်မ	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာတွင် ခါတ်သတ္တု (ကျောက်မျက် ၊သတ္တု ၊ ကျောက်၊ ကျောက်မီးသွေး၊ သဲ)စသည်တို့မှာ မရရှိနိုင်၍အသုံးပြုနိုင်မှုအခြေအနေမှာ လက်လှမ်းမမှီပါ။ အပင်မျိုးစိတ်များ (လူ၊ တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)စသည်တို့မှာ လည်း ရရှိနိုင်မှု မရှိ၍အသုံးပြုနိုင်မှုအခြေအနေမှာ လက်လှမ်းမမှီပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်
၁	အုပ်ချုပ်ရေး အဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး☐ကွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☑	ကျား-၁၀ဦး
၂	သန္တိသုခဘုံ ဆွမ်းလောင်း အသင်း	၁☐ ၂☑ ၃☐	ပညာရေး☐ကွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကျား-၁၅ဦး မ-၁၀ဦး
၃	မီးကော်မတီ အဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး☐ကွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☑	ကျား-၁၀ဦး
၄	လမ်းကော်မ တီအဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး☐ကွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကျား-၉ဦး မ-၃ဦး
၅	မွန်မြတ်သူတို့ နှလုံးသားဘုံ ဆွမ်းလောင်း အသင်း	၁☐ ၂☐ ၃☑	ပညာရေး☐ကွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကျား-၁၀ဦး မ-၁၀ဦး
၆	ဗုဒ္ဓဝေယျာဝစ္စ အဖွဲ့	၁☐ ၂☐ ၃☑	ပညာရေး☐ကွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကျား-၅ဦး မ-၂ဦး
၇	အရံမီးသတ် တပ်ဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး☐ကွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကျား-၂၅ဦး
၈	အမှိုက်သိမ်း အဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး☐ကွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑	ကျား-၇ဦး

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက်
			လုံခြုံရေးနှင့် ကာကွယ်ရေး□	
၉	အေးချမ်း နိဗ္ဗာန်လူမှု ကူညီရေး အသင်း	၁□ ၂☑ ၃□	ပညာရေး□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကျား-၂၀ဦး မ-၂၀ဦး
၁၀	သမဝါ ယမအဖွဲ့	၁☑ ၂□ ၃□	ပညာရေး□ဘွေကြေး☑ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကျား-၃ဦး မ-၂ဦး

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာရှိ အဖွဲ့အစည်းများမှာ စည်းစည်းလုံးလုံးဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာသူ/သားများ၏ကျေးရွာဖွံ့ဖြိုးရေးလုပ်ဆောင်မှု အားကောင်းကြောင်းတွေ့ရှိရပါသည်။ထို့အတွက်ကြောင့် ကျေးရွာဖွံ့ဖြိုးမှုအားကောင်းရန် အလားအလာရှိကြောင်းလည်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ လမ်းကော်မတီအဖွဲ့၊ မီးကော်မတီအဖွဲ့၊ မွန်မြတ်သူတို့နှလုံးသားဘုံဆွမ်းလောင်းအသင်း ၊ အရံမီးသတ်တပ်ဖွဲ့ ၊ ဗုဒ္ဓဝေယျာဝစ္စ၊ သမဝါယမ၊ သန္တိသုခဘုံဆွမ်းလောင်းအသင်း၊ အမှိုက်သိမ်းအဖွဲ့နှင့် အေးငြိမ်းနိဗ္ဗာန်လူမှုကူညီရေးအသင်း အဖွဲ့ဟူ၍ အဖွဲ့(၁၀)ဖွဲ့ ရှိပေသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု				
အိမ်အခြေအနေ	နံကပ်နှစ်ထပ်	သွပ်မိုးထရံကာ နှစ်ထပ်	သွပ်မိုးထရံကာ တစ်ထပ်	မြေစိုက် သက္ကယ်မိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား ၁စီး ထော်လာကျီ ၁စီး	ဆိုင်ကယ်-၃စီး	ဆိုင်ကယ် ၂စီး	ဆိုင်ကယ် ၁စီး

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
	ဆိုင်ကယ် ၂စီး			
အဓိကစီးပွားရေး လုပ်ငန်း	ပန်းတိမ်	ပရိဘောဂ	ပန်းရံ၊ လက်သမား	ကျပန်း
အိမ်ထောင်စု	၅၀	၉၀	၁၀၆	၉၈

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု ၅၀စုရှိပြီးအဓိကစီးပွားရေးလုပ်ငန်းမှာ ပန်းတိမ်လုပ်ငန်း ဖြစ်ပါသည်။ အလယ်အလတ် ရှိသောအိမ်ထောင်စုများမှာ ၉၀ စုရှိပြီး ပရိဘောဂလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ မပြေလည်သော အိမ်ထောင်စု ၁၀၆ စုရှိပြီး ပန်းရံ၊လက်သမားလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ အလွန်မ ပြေလည် သောအိမ်ထောင်စုတို့၏ အရေအတွက် ၉၈စုရှိပြီး ကျပန်းလုပ်ကိုင်လျက်ရှိကြောင်း လေ့လာတွေ့ရှိ ရပါသည် ။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၃၄၄	၁၀၀%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ ဟတ် တာထိ)			ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)			တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)			အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)			တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း			

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု ၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စုအခြေအနေတွင် မြေယာမဲ့အိမ်ထောင်စုများမှာ၃၄၄ အိမ်ထောင်စု(၁၀၀%) ရှိသဖြင့် မြေယာမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧက အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးမြေ မရှိသဖြင့် သီးနှံစိုက်ပျိုးထွက်ရှိမှု မရှိကြောင်း တွေ့ရှိရပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၆	၂၈
နို့စားနွား	၁	၄
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၇	၃၀
ကြက်	၆	၅၂
ဘဲ	၁	၁၀
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နွားမွေးမြူသောအိမ်ထောင်စု ၆ စုတွင် နွားအကောင်ရေ ၂၈ကောင် မွေးမြူထားကြောင်း၊နို့စားနွား မွေးမြူထားသောအိမ်ထောင်စု ၁၀ တွင် အကောင်ရေ ၄ ကောင်၊ ဝက်မွေးမြူသောအိမ်ထောင်စု ၇ စုတွင် အကောင်ရေ ၃၀ ၊ ကြက်မွေးမြူသောအိမ်ထောင်စု ၆ စုတွင် အကောင်ရေ ၅၂ကောင်၊ ဘဲမွေးမြူသော အိမ်ထောင်စု ၁ စုတွင် ဘဲအကောင်ရေ ၁၀ကောင် မွေးမြူထားကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ် ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေး ဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း	၃၀	၁၅၀	၁၅	လတ်
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူ)	၆	၆	၁၈	လတ်
၇	လက်လီ-လက်ကား ရောင်း ဝယ်ရေး	၅		၁၃	လတ်
၈	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း	၆	၄	၁၈	လတ်
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး				
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန် ဆောင်မှု လုပ်ငန်း)				လတ်
၁၁	အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော	၂		၂	လတ်

	လုပ်ငန်းများ				
၁၂	ပညာရေး	၁		၁	လတ်
၁၃	ကျန်းမာရေး	၁		၂	လတ်
၁၄	လူမှုရေး လုပ်ငန်းများ				
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြင်ဆင်ရေး**လုပ်ငန်း အရေအတွက် ၂ခု ရှိပြီး လုပ်သားဝန်ထမ်း၃ယောက်နှင့် မိသားစုဝင်လုပ်အား ၂ဦးရှိပြီး ရပ်တည်နိုင်မှု အလယ်အလတ်တွင် ရှိပါသည်။ လက်လီလက်ကား ရောင်းဝယ်မှုလုပ်ငန်းအရေအတွက် ၅ခုနှင့် လုပ်သားဝန်ထမ်း၁ယောက် မိသားစုဝင် လုပ်အား၉ယောက်ရှိပြီး ရပ်တည်နိုင်မှု အလယ်အလတ်တွင် ရှိပါသည်။** ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) လုပ်ငန်းအရေအတွက် ၅ခုရှိပြီး လုပ်ကိုင်သူဝန်ထမ်း အရေအတွက် ၄ယောက်နှင့် **မိသားစုဝင် လုပ်အား ၂ဦးရှိပြီး** ရပ်တည်နိုင်မှု **အလယ်အလတ်တွင်ရှိပါသည်။** ဟိုတယ်နှင့်စားသောက်ဆိုင် လုပ်ငန်း**အရေအတွက် ၄ခုနှင့် မိသားစုဝင် လုပ်အား၁၀ယောက် ရှိပြီးရပ်တည်နိုင်မှု အလယ် အလတ်တွင်ရှိပါသည်။ ပညာရေးလုပ်ငန်း ၁ခုရှိပြီး လုပ်သားဝန်ထမ်း ၅ယောက် နှင့်မိသားစုဝင် လုပ်အား၂ယောက်ရှိပြီး ရပ်တည်နိုင်မှု မြင့်မားပါသည်။ ကျန်းမာရေးလုပ်ငန်း ၁ ခုရှိပြီး** နှင့်**မိသားစု ဝင်လုပ်အား၂ယောက်ရှိပြီး ရပ်တည်နိုင်မှု မြင့်မားပါသည်။**

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	ဘူတာဈေး	ဈေးချို
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင်☐ ၁ မှ ၅ မိုင် ☑ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင်☑ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐၁၀၀မိုင်အထက်☐
သယ်ယူပို့ဆောင်ရေးနည်းလမ်း	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာကျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☑ လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာကျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☑ လှေ ☐ စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနှင့် အနီးဆုံးဈေး ဘူတာဈေးသည် ၁မိုင်မှ ၅မိုင်အထိရှိပါသည် ။ အကြီးစားဈေးကွက်မှာ ဈေးချိုဖြစ်ပြီး ၀မိုင် မှ ၁၀မိုင်ခန့်အတွင်း ရှိပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ 26

လမ်း အမျိုးအစား	အမျိုး အစား	အရည် အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁□၂☑ ၃□ ၄□၅□	ကောင်း□ သင့်☑ ညံ့□	ပွင့်လင်း ရာသီ□ တစ်နှစ်ပတ်လုံး☑	၀-၁ မိုင်□ ၁-၅ မိုင်☑ ၅-၁၀ မိုင်□ ၁၀မိုင်အထက်□
ချဉ်းကပ်လမ်း	၁□၂☑၃□ ၄□၅□	ကောင်း☑ သင့်□ ညံ့□	ပွင့်လင်း ရာသီ□ တစ်နှစ်ပတ်လုံး☑	၀-၁ မိုင်☑ ၁-၅ မိုင်□ ၅-၁၀ မိုင်□ ၁၀မိုင်အထက်□
ရွာချင်းဆက်လမ်း	၁□၂☑ ၃□ ၄□ ၅□	ကောင်း□ သင့်☑ ညံ့□	ပွင့်လင်း ရာသီ□ တစ်နှစ်ပတ်လုံး☑	၀-၁ မိုင်☑ ၁-၅ မိုင်□ ၅-၁၀ မိုင်□ ၁၀မိုင်အထက်□

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်း နှင့် ရွာချင်းဆက်လမ်း တို့မှာ ကျောက်ခင်းလမ်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၅.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □ အသုံးမပြုပါ ☑	ပွင့်လင်းရာသီ□တစ်နှစ်ပတ်လုံး□
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင်□ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □ အသုံးမပြုပါ ☑	ပွင့်လင်းရာသီ□ တစ်နှစ်ပတ်လုံး□

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရေကြောင်းသယ်ယူပို့ဆောင်ရေး အသုံးပြုခြင်း မရှိပါ။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ28

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်			၄၈	၅၁၃	၁၅	၁	၄၉		

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များ အနေဖြင့် စက်ဘီး ၄၈စီး၊ မော်တော်ဆိုင်ကယ် ၅၁၃ စီး၊ ထော်လာကျီ ၁ စီး နှင့် ကား ၄၉စီး ရှိပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ29

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	၃၁၁
ဆိုလာစနစ်	
အသေးစားရေအားလျှပ်စစ်	
ဒီဇယ်သုံးအင်ဂျင်	
လေစွမ်းအင်	
ဇီဝလောင်စာ	
အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	
လျှပ်စစ်မီး အသုံးမပြုနိုင်သော	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်အိမ်ထောင်စု ၃၁၁ စုမှာ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၆၆၆	၁၂	၃၀၆

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ အိမ်ထောင်စုအများစုမှာ ဖုန်းအသုံးပြုလျက်ရှိပါသည်။ တီဗွီမှာလည်းအလုံးရေ၃၆လုံးနှင့် ရေဒီယိုအလုံးရေ၁၂လုံး အသုံးပြုလျက်ရှိကြောင်းလေ့လာ တွေ့ရှိရပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၆၂	၄၈	၁၁၀
အလယ်တန်း	၅၂	၅၄	၁၀၆
အထက်တန်း	၂၄	၂၁	၄၉
တက္ကသိုလ်/ကောလိပ်	၂၂	၂၈	၅၀

ရင်းမြစ် ... (၁) **ကျောင်းဝင်စာရင်း၊** (၂) **ဆယ်အိမ်မှူးများ။**

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။ **ကျေးရွာတွင် မူလတန်း ကျောင်းသားဦးရေမှာ ကျား-၆၂ဦး၊ မ-၄၈ဦး၊ စုစုပေါင်း** (၁၁၀)**ဦး ရှိပါသည်။ အလယ်တန်း ကျား-၅၂ဦး၊ မ-၅၄ ဦး၊ စုစုပေါင်း** (၁၀၆)**ဦး ရှိပါသည်။ အထက်တန်းကျောင်းသားဦးရေ ကျား-၂၄ဦး ၊ မ-၂၁ဦးရှိပြီး စုစုပေါင်း ၄၉ဦး ရှိပါသည်။ တက္ကသိုလ်ကျောင်းသား အရေအတွက်မှာ ကျား-၂၂ဦး၊ မ-၂၈ဦးရှိပြီး စုစုပေါင်း ၅၀ဦး ရှိပါသည်။**

(၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)	(၂)	(၃)
က။ ကျောင်းအဆင့်	မူလတန်း☑ မူလွန်☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း☐ အထက်တန်း(ခွဲ)☐ အထက်တန်း☐	မူလတန်း☐ မူလွန်☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း☑ အထက်တန်း(ခွဲ) ☐ အထက်တန်း☐	မူလတန်း☐ မူလွန်☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း☐ အထက်တန်း(ခွဲ)☐ အထက်တန်း☑
ခ။ ရွာမှအကွာအဝေး(မိုင်)	၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☑ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☑ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐
ဂ။သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် ☑ စက်ဘီး ☑ ဆိုင်ကယ် ☑ ကား ☐	ခြေလျင် ☐ စက်ဘီး ☑ ဆိုင်ကယ် ☑ ကား ☐	ခြေလျင် ☐ စက်ဘီး ☑ ဆိုင်ကယ် ☑ ကား ☑
ဃ။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)*			
င။အမိုး၊နံရံ၊အခင်း အရည်အသွေး	ကောင်း☐သင့်☐သည့်☐	ကောင်း☐သင့်☐သည့်☐	ကောင်း☐သင့်☐သည့်☐
စ။ကျောင်းသုံးပရိဘောဂလုံလောက်မှု	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း ☐ သင့် ☐ သည့် ☐ မရှိ ☐	ကောင်း ☐ သင့် ☐ သည့် ☐ မရှိ ☐	ကောင်း ☐ သင့် ☐ သည့် ☐ မရှိ ☐
ဈ။ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐	တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐	တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐

အကြောင်းအရာ	(၁)			(၂)			(၃)		
ဇ။ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်									
ကျေးရွာခန့်									

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြိမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ ကျောင်းသား/သူများသည် မူလတန်းအဆင့်အား ခရီးမိုင် ၀ မိုင်မှ ၁ မိုင်အထိ ကွာဝေးသော နန္ဒာကျေးရွာသို့ သွားရောက် ပညာသင်ကြားရကြောင်း၊ အလယ်တန်းအဆင့်အား ခရီးမိုင်၁ မိုင်မှ ၃ မိုင်အထိကွာဝေးသော အောင်ချမ်းသာကျေးရွာသို့ သွားရောက် ပညာသင်ကြားရကြောင်း၊ အထက်တန်းအဆင့်အား ခရီးမိုင် ၁ မိုင်မှ ၃ မိုင်အထိ ကွာဝေး သော မန္တလေးမြို့သို့ သွားရောက်ပညာသင်ကြားရကြောင်း သိရှိရပါသည်။ သယ်ယူပို့ဆောင်ရေး ယာဉ်များ အနေဖြင့် စက်ဘီး၊ ဆိုင်ကယ်နှင့်ကားများ အသုံးပြုလျက်ရှိကြောင်း လေ့လာသိရှိရပါသည် ။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

#	*ရောဂါ*	*ပျံ့နှံ့မှု/ဖြစ်ပွားမှု*		
၁	ဝမ်းပျက်ဝမ်းလျှော	*မြင့်*☐	*နိမ့်*☐	*မရှိ*☑
၂	သွေးလွန်တုပ်ကွေး	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၃	ငှက်ဖျား	*မြင့်*☐	*နိမ့်*☐	*မရှိ*☑
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	*မြင့်*☐	*နိမ့်*☐	*မရှိ*☑
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	*မြင့်* ☐	*နိမ့်*☐	*မရှိ* ☑
၆	တီဘီ	*မြင့်* ☐	*နိမ့်*☐	*မရှိ*☑
၇	ဆီးချို	*မြင့်* ☐	*နိမ့်*☑	*မရှိ*☐
၈	သွေးတိုး	*မြင့်* ☐	*နိမ့်*☑	*မရှိ*☐
၉	အသည်းရောဂါ (ဘီ၊ စီ)	*မြင့်* ☐	*နိမ့်*☐	*မရှိ*☑
၁၀	အာဟာရ ချို့တဲ့မှု	*မြင့်* ☐	*နိမ့်*☐	*မရှိ*☑
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	*မြင့်* ☐	*နိမ့်*☐	*မရှိ*☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သောက်သုံးရေသန့်ရှင်းမှု ရှိသောကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုနှုန်း မရှိပါ။ ကျေးရွာတွင် ရောဂါဖြစ်ပွားမှုနှုန်းမှာ နိမ့်ပေသည်။သွေးလွန်တုပ်ကွေးရောဂါ၊ ဆီးချိုရောဂါ ၊ သွေးတိုးရောဂါနိမ့်ကြောင်း လေ့လာတွေ့ရှိရပါသည် ။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုန်းမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုန်းမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ	✓	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	✓	
၃	ပိုလီယိုရောဂါ	✓	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	✓	
၅	ဝက်သက်ရောဂါ	✓	
၆	အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှုန်းမှု**	✓	
၇	အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	✓	
၈	အာဟာရပညာပေး အစီအစဉ်	✓	

လေ့လာတွေ့ရှိချက်။ ။ ကာကွယ်ဆေးထိုးနှုန်းမှုမှာ အဆုတ်ရောဂါအတွက် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ၊ ပိုလီယိုရောဂါ ၊ မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)၊ ဝက်သက်ရောဂါ၊ အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှုန်းမှု** ၊ အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)၊ အာဟာရပညာပေး အစီအစဉ်များဖြင့် **ကာကွယ်ဆေးထိုးနှုန်းမှု** ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး (မိုင်)	အခန်း/ကုတင်လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက်☐	ရှိ ☑ မရှိ ☐
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☐
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☑ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက်☐	ရှိ ☑ မရှိ ☐

ရေဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(၁)ခုရှိပြီး အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက မြို့နယ်ဆေးရုံသို့ သွားရောက်ကုသရကြောင်း တွေ့ရှိရပါသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄.၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု(မိုး၊ဆောင်း၊ နွေ)
ရေတွင်း		ကောင်း☑ သင့်☐ ညံ့☐	
အဝီစိတွင်း/ စက်တပ်	၃၁၃	ကောင်း☑ သင့်☐ ညံ့☐	မိုး၊ဆောင်း၊နွေ
အဝီစိတွင်း/ တုံကင်	၁	ကောင်း☑ သင့်☐ ညံ့☐	မိုး၊ဆောင်း၊နွေ
မိုးရေ သိုလှောင်ကန်		ကောင်း☐ သင့်☐ ညံ့☐	
မြစ်/ချောင်းရေ	၁	ကောင်း☐ သင့်☐ ညံ့☐	မိုး၊ဆောင်း၊နွေ
ရေကန်		ကောင်း☐ သင့်☑ ညံ့☐	
စိမ့်စမ်းရေ		ကောင်း☐ သင့်☐ ညံ့☐	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယ်ဇာတပြမြေပုံ။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဝီစိတွင်း/စက်တပ် ၃၁၃ခုနှင့် အဝီစိတွင်း /တုံကင်၁ခုနှင့် မြစ်/ချောင်းရေ ၁ခုရှိပြီး မိုး၊ဆောင်း၊ နွေအသုံးပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	၂
ရေလောင်း/ယင်လုံအိမ်သာ	၂၆၇

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	သုံးစွဲနိုင်သော အိမ်ထောင်စု
တွင်း/ဧလားအိမ်သာ	
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၃) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိအိမ်ထောင်စုများမှာ ရေဆွဲအိမ်သာ၂လုံး ကျန်းမာ သန့်ရှင်း သောရေလောင်း/ယင်လုံအိမ်သာ ၂ဖက်လုံး အသုံးပြုလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ တွင်း/ဧလားအိမ်သာ ၊ တွင်းမရှိအိမ်သာ၊ အိမ်သာမရှိသော အခြေအနေတွင်မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၈) ဘေးအန္တရာယ်များ

ဇယား (၂၃) **ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ**

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	မရှိပါ။
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မရှိပါ။
၃	ရေကြီးခြင်း	မရှိပါ။
၄	မိုးခေါင်ခြင်း	မရှိပါ။
၅	အအေးလွန်ကဲခြင်း	မရှိပါ။
၆	မုန်တိုင်း	မရှိပါ။
၇	ငလျင်	မရှိပါ။
၈	မီးဘေး	မရှိပါ။
၉	ဆားငန်ရေဝင်မြေ	မရှိပါ။
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မရှိပါ။
၁၁	သစ်တောပြုန်းတီးခြင်း	မရှိပါ။
၁၂	ငှက်ဖျားရောဂါ	မရှိပါ။
၁၃	တီဘီရောဂါ	မရှိပါ။
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိပါ။
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိပါ။
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မရှိပါ။
၁၇	လူကုန်ကူးခြင်း	မရှိပါ။
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မရှိပါ။

ရင်းမြစ် ... **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ထိခိုက်နိုင်သည့် အခြေအနေများ မရှိပါ ။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာအခြေအနေ	-	-
အပင်မျိုးစိတ်များ	-	-
ရေအရင်းအမြစ်	-	-
ငါးမျိုးကွဲများ	-	-
အခြားတိရစ္ဆာန်မျိုးကွဲများ	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေဆီသြဇာအခြေအနေမှာ အလယ်အလတ်တွင်ရှိပြီး သုံးစွဲရန် သင့်တော်သော အခြေအနေတွင်ရှိသည်။ ရေအရင်းအမြစ်မှာလည်း အလယ်အလတ်တွင်ရှိ၍ လုံလောက်စွာရရှိပါသည်။

(၁၀) ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

#	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	*ရှိ☐*	*မရှိ☑*
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	*ရှိ☑*	*မရှိ☐*

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျား – မ ရေးရာ အခြေအနေတွင် ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှုမရှိကြောင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ သို့သော်လည်း အုပ်ချုပ်ရေးအဖွဲ့တွင် အမျိုးသမီး ဆယ်အိမ်မှူးများ လျာထားကြောင်း လေ့လာသိရှိရပါသည်။